**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး**

**(၂၂)ရက်မြောက်နေ့မှတ်တမ်း**

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်

(၂၀၁၄ ခုနှစ်၊ မတ်လ ၇ ရက်)

(သောကြာနေ့)

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၂၂)ရက်မြောက်နေ့ အစီအစဉ်များ စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်တွင် ကြွရောက်နေရာ ယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး(၂၂)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈) ဦးရှိပြီး၊ ဒီကနေ့အစည်းအဝေးကို (၁၆၂)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၄.၃၁) ရာခိုင်နှုန်း ရှိပြီး၊

တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ် ဦးရေ သုံးပုံ တစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်း ဥပဒေ ၂၀၊ နည်းဥပဒေခွဲ (ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## **အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် န၀မပုံမှန် အစည်း အဝေးရဲ့ (၂၂)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## **အစည်းအဝေးမတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင် ပြပါမယ်။

ဒေါက်တာမြဦး၊ ပဲခူး(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဂျေယောပူ၊ ကချင်(၁၂)၊ ကိုယ်ရေးကိုယ်တာ။ ဦးအောင်ငြိမ်း၊ မကွေး(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောအောင်ကျော်နိုင်၊ ကရင်(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောမော်ထွန်း၊ ပဲခူး (၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကျန်းမာရေး။ ဒေါက်တာ ခင်မောင်လေး၊ ပဲခူး(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ ကျန်းမာရေး။ ဦးထေးရယ်၊ ကယား(၇)၊ ဆွေးနွေးပွဲတက်။ ဦးစံပြည့်၊ ကချင်(၇)၊ အမျိုးသား စီမံကိန်းပူးပေါင်းကော်မတီအစည်းအဝေး။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကျန်းမာရေးတို့ဖြစ်ပါ တယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါ တယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ပထမအကြိမ် အမျိုးသားလွှတ်တော် န၀မပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၈)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၅၆)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်း ဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြိုတင်ပြထားသည့်မေးခွန်းများကို သက်ဆိုင်ရာအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြိုတင်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**အင်းစိန်ရထားလမ်း ခုံးကျော်တံတားအား မဖြစ်မနေ တိုးချဲ့မွမ်းမံပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု က အင်းစိန် ရထားလမ်း ခုံးကျော်တံတားအား မဖြစ်မနေ တိုးချဲ့မွမ်းမံပြင်ဆင်ပေးရန်နဲ့ စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့်တကွ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကို နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနု ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အင်းစိန်ရထားလမ်း ခုံးကျော်တံတားအား မဖြစ်မနေ တိုးချဲ့မွမ်းမံ ပြင်ဆင်ပေးရန် လိုလားနေကြတဲ့ ပြည်သူတို့ရဲ့ဆန္ဒကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်ကိစ္စနဲ့ ပတ်သက်၍ မေးမြန်းသွား မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့မှာ မြောက်ပိုင်းခရိုင်ရဲ့ ခရိုင်ရုံးစိုက်ရာ ခရိုင်မြို့ကြီးတစ်မြို့ဖြစ်ပြီး မြို့လယ်မီးပွိုင့်လမ်းဆုံမှာ ရထားလမ်းခုံးကျော်တံတားတစ်စင်း ရှိနေတာဖြစ်ပါတယ်။ အဆိုပါတံတားဝန်းကျင်မှာ ရထားဘူတာ ရုံကြီး၊ အင်းစိန်ဈေးကြီး၊ စော်ဘွားကြီးကုန်းဈေးကြီး၊ အင်းစိန်ပြည်သူ့ဆေးရုံကြီး၊ ခရိုင်နှင့်မြို့နယ် အဆင့် ရုံးပေါင်းစုံနှင့်တကွ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ ဆက်သွယ်တဲ့၊ အလွန် အရေးပါတဲ့ ရန်ကုန်မြစ်ကူး အောင်ဇေယျတံတားကြီးတို့လည်း ရှိနေပြီး အလွန်စည်ကား၍ လမ်းလေးခွ ဆုံရာ အချက်အချာကျလှသော နေရာဖြစ်နေပါတယ်။

အင်းစိန်ရထားလမ်း ခုံးကျော်တံတားမှာ လွန်ခဲ့တဲ့ ၁၉၈၈-၈၉ ခုနှစ်က ရထားပို့ဆောင်ရေး ဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်ပေးခဲ့တဲ့ တံတားဖြစ်ကြောင်းကို သိရှိရပြီး တစ်လမ်းသွား ဖြစ်နေ၍ တစ်နေကုန်ယာဉ်ကျောပိတ်ဆို့မှုများဖြစ်ပွားကာ ခရီးသွားလာသူတို့အတွက် အခက်အခဲ အကြပ်အတည်း များစွာနဲ့ နေ့စဉ်ရင်ဆိုင်တွေ့ကြုံနေရတာ ဖြစ်ပါတယ်။ အဆိုပါတံတားကို ပြုပြင်မွမ်းမံ ပေးနိုင်ခဲ့ခြင်း မရှိခဲ့၍ ဟောင်းနွမ်းပျက်စီးကာ တံတား၏ကြံ့ခိုင်မှုမှာလည်း အရည်အသွေးများ လျော့နည်းကျ ဆင်းလာနေပြီဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အင်းစိန်ရထားလမ်းခုံးကျော်တံတားကို တိုးချဲ့မွမ်းမံပြင်ဆင်ပေးသင့် သည်မှာ ကြာခဲ့ပြီဖြစ်သော်လည်း ယနေ့တိုင်ဆောင်ရွက်ပေးခြင်းမရှိသေးပါ၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း အဆိုပါတံတားကို အမြန်တိုးချဲ့ပြုပြင်ပေးနိုင်ရန် အထူးအလေးအနက်ထား ညှိနှိုင်း ဆောင်ရွက်လျက် ရှိနေကြောင်း ကြားသိရပါတယ်။ ဤရထားလမ်း ခုံးကျော်တံတားကို အားထား၍ မဖြစ်မနေ ဖြတ်သန်းသွားနေကြတဲ့ ခရီးသွားပြည်သူများမှာ လမ်းကျဉ်း၍ ယာဉ်ကြော ပိတ်ဆို့မှုများ ကြောင့် အငှားယာဉ် တက္ကဆီများပင် မလိုက်လိုကြသည့် အခက်အခဲများကြောင့် ပြည်သူများအနေဖြင့် ရထားလမ်းခုံးကျော်တံတားအား (၄)လမ်းသွားဖြင့် တိုးချဲ့ကာ ပြန်လည်ပြုပြင်ပေးရန် ဆန္ဒပြင်းပြလျက် ရှိနေကြပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကပင် အကောင်အထည်ဖော် ဆောင်ရွက်ပေးလိမ့်မည်ဟု မျှော်လင့် စောင့်စားခဲ့ကြပါတယ်။

သို့ပါ၍ ဥက္ကဋ္ဌကြီးခင်ဗျား။ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် အင်းစိန်ရထားလမ်း ခုံးကျော် တံတားအား(၄)လမ်းသွား တံတားအဖြစ် တိုးချဲ့မွမ်းမံကာ လာမည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် လိုလားတောင့်တနေကြတဲ့ ပြည်သူတို့၏ဆန္ဒ အား

ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်ကို ဖြေကြားပေးနိုင်ပါရန် အများပြည်သူ အကျိုးငှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးများစွာတင်ပါ တယ်။

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၈။**

**ဦးမြင့်သိန်း(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနု က အင်းစိန် ရထားလမ်း ခုံးကျော်တံတားအား မဖြစ်မနေတိုးချဲ့မွမ်းမံပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းတဲ့ မေးခွန်းအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယ ဝန်ကြီး ဦးမြင့်သိန်း က ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့မှာ ဖြစ်ပေါ်နေလျက်ရှိတဲ့ ယာဉ်ကြောပိတ်ဆို့မှုများကို ဖြေရှင်းရန် နည်းလမ်းမျိုးစုံ ဖြင့် အဖြေရှာတဲ့နေရာမှာ ရထားလမ်းကူး (Level Crossing)များမှာ ခုံးကျော်တံတား တည်ဆောက် ခြင်းသည်လည်း နည်းလမ်းတစ်ခုအဖြစ် ပါဝင်ပါတယ်။ စစ်တမ်းကောက်ယူချက်များအရ ရန်ကုန်မြို့ရှိ ရထားလမ်းကူးများအနက် ယာဉ်ဖြတ်သန်းမှု သိပ်သည်းဆုံး(၃)နေရာမှာ ခရေပင် ရထားလမ်းကူး၊ ပါရမီ(၂)ရထားလမ်းကူး၊ သစ္စာရထားလမ်းကူးတို့ဖြစ်ပြီး၊ ရထားလမ်းကူးခုံးကျော်တံတား တည်ဆောက် ပါက (၁)စင်းလျှင် ကျပ်သန်း(၄၀၀၀)ခန့်၊ (၃)စင်းအတွက် ကျပ်သန်း(၁၂၀၀၀)ခန့်ကုန်ကျမယ်လို့ အကြမ်းဖျင်း ခန့်မှန်း တွက်ချက်ထားပါတယ်။

ခရေပင်လမ်း၊ ရထားလမ်းကူးဟာ မော်တော်ကားဖြတ်သန်းတဲ့ သိပ်သည်းမှု ပိုမိုများပြားတာ မှန်သော်လည်းပဲ ယာဉ်စီးဆင်းမှု အဝင်၊ အထွက် လမ်းကြောချောင်တဲ့အပြင် အင်းစိန်တံတားထက် ယာဉ်ပိတ်ဆို့မှု လျော့နည်းသဖြင့် ခရေပင်ရထားလမ်းကူး ခုံးကျော်တံတားအစား အင်းစိန်မှာ ခုံးကျော် တံတားကို ပြောင်းလဲတည်ဆောက်ပေးဖို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က အဆိုပြုခဲ့ခြင်း ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် အဆိုပြု ဘတ်ဂျက်လျာထားမှု တင်ပြစဉ်က တံတား(၃) စင်းအတွက် ရန်ပုံငွေတောင်းခံခြင်းနဲ့ ပတ်သက်၍ Budget Sharing အဖြစ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့လုပ်ငန်းအဖြစ် ဆောင်ရွက်ရန် ပိုင်းခြားအဆိုပြုခဲ့ပါတယ်။ ၂၅-၉-၂၀၁၃ ရက်နေ့ အမျိုးသား စီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှာ ကျင်းပခဲ့တဲ့ ဘဏ္ဍာရေးအရ၊ အရ/ အသုံး ဆိုင်ရာ ကိစ္စရပ်များနဲ့ ပတ်သက်ပြီးတော့ ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး ပြည်နယ်အစိုးရများအား ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးမှာ အရှုံးပေါ်နေတဲ့ ဝန်ကြီးဌာနများ အနေနဲ့ အသုံးစရိတ်လျှော့လို၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘတ်ဂျက်ရန်ပုံငွေနဲ့ ဆောင်ရွက်

သင့်ကြောင်း တင်ပြခဲ့ပြီး လျာထားငွေကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဘတ်ဂျက်မှ ကျခံသုံးစွဲရန် ဆုံးဖြတ်ခဲ့သဖြင့် မြန်မာ့မီးရထားရဲ့ ဘတ်ဂျက်လျာထားမှုမှ ပယ်ဖျက်ခဲ့ရပြီး ဖြစ်ပါတယ်။

၄-၁၀-၂၀၁၃ ရက်နေ့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ နိုင်ငံရေးနဲ့ လုံခြုံရေးညှိနှိုင်း အစည်းအဝေးမှာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်မှ အင်းစိန်ကားလမ်းကူး ခုံးကျော်တံတား၊ ပါရမီ (၂)ကားလမ်းကူး ခုံးကျော်တံတားနဲ့ သစ္စာလမ်းကူးခုံးကျော်တံတား (၃)စင်းတည်ဆောက်ဖို့အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရဘတ်ဂျက်အဆိုပြုရာမှာ မပါဝင်ခဲ့တဲ့အတွက် ရထားပို့ဆောင်ရေးဝန်ကြီး ဌာန၊ မြန်မာ့မီးရထားရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်မှာ ထည့်သွင်းလျာ ထားပေးဖို့ မေတ္တာရပ်ခံချက်အရ ထပ်မံတင်ပြတောင်းခံခဲ့ပါတယ်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေနဲ့ မြန်မာ့မီးရထားအား ပိုမိုအသေးစိတ်သော တွက်ချက် မှုများ ဆောင်ရွက်စေလျက် ခုံးကျော်တံတား(၃)စင်းအား မြန်မာ့မီးရထားရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း အသုံးစရိတ်မှာ ထည့်သွင်းလျာထားပေးဖို့ အောက်ပါအတိုင်းထပ်မံ အဆိုပြုခဲ့ပါတယ်။ အင်းစိန်ကားလမ်းကူး ခုံးကျော်တံတား တည်ဆောက်ရေး စီမံကိန်းအတွက် သန်းပေါင်း (၆၀၇၈.၇၅)နဲ့ ပါရမီ(၂) ကားလမ်းကူး ခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်းအတွက် သန်းပေါင်း (၃၀၄၄)သန်း၊ သစ္စာလမ်းကူးခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်းအတွက် သန်းပေါင်း (၃၀၂၅)သန်းတွေကို စုစုပေါင်း သန်းပေါင်း (၁၂၂၄၇.၇၅)သန်းကို ကျွန်တော်တို့ အကြမ်းဖျင်း တွက်ချက်လျာထား ရရှိ ခဲ့ပါတယ်။

ခုံးကျော်တံတား တည်ဆောက်ခြင်းဟာ လတ်တလော ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းတဲ့ နည်းလမ်းတစ်ခု ဖြစ်သော်လည်းပဲ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ လကုန်ခန့်မှာ ပြီးစီးနိုင်မယ်လို့ အဆိုပြု ထားတဲ့ Japan International Cooperation Agency (JICA)မှ ဆောင်ရွက်နေသော မဟာ ရန်ကုန်မြို့ပြ ဖွံ့ဖြိုးရေး မဟာဗျူဟာ စီမံကိန်းအရ ပေါ်ပေါက်လာမယ့် အနာဂတ် ကောင်းကင်ရထား ပြေးဆွဲမှုကို ထိခိုက်နိုင်သဖြင့်လည်းကောင်း၊ ကောင်းကင်ကားလမ်းများအဖြစ် ထည့်သွင်းပါရှိပါက အပိုကုန်ကျမှု ဖြစ်နိုင်သဖြင့်လည်းကောင်း၊ မဟာဗျူဟာ စီမံကိန်း ပြီးစီးအောင်စောင့်ဆိုင်းတဲ့အနေနဲ့ ရထားပို့ဆောင်ရေးဝန်ကြီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဘတ်ဂျက်လျာထားမှုမှာ ထပ်မံတင်ပြသော တံတား(၃)စင်းကိစ္စ ပါဝင်ခဲ့ခြင်း မရှိကြောင်း သိရှိရပါတယ်။

အဆိုပါကိစ္စနဲ့ ပတ်သက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တင်ပြတောင်းခံရန် လမ်းညွှန်ချက် ရရှိပြီး ဖြစ်ပါကြောင်းနှင့် အကြိုအင်ဂျင်နီယာ လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဆိပ်ဖြူမြို့နယ် အနောက်ဘက်ခြမ်းဒေသများတွင် တယ်လီဖုန်း ဆက်သွယ်ရေးတိုးမြှင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) မှ ဦးသော်ဇင်ဦး က ဆိပ်ဖြူမြို့နယ် အနောက်ဘက်ခြမ်းဒေသများတွင် တယ်လီဖုန်း ဆက်သွယ်ရေးတိုးမြှင့် ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေးသို့ တက်ရောက်ကြတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် အနောက်ဘက်ခြမ်းဒေသများတွင် တယ်လီဖုန်း ဆက်သွယ်ရေးများ အဆင်ပြေစေရန်အတွက် ဆက်သွယ်ရေးတာဝါတိုင်များ တိုးမြှင့်တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိကို မေးမြန်းသွားမှာဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်း ဆက်သွယ်ရေးလိုင်းများ ချထားပေးရာမှာ ဆိပ်ဖြူမြို့နယ်မှ မိုင်(၂၀)အတွင်းရှိသာ GSM တယ်လီဖုန်းလိုင်းများ ဆက်သွယ်ရရှိပြီး ဆိပ်ဖြူ-ဆော ကားလမ်းမကြီးတွင် သပြေကျေးရွာအုပ်စုအထိသာ ဆက်သွယ်၍ ရရှိပါတယ်။ ဆိပ်ဖြူမြို့နယ် အနောက်ဘက်ခြမ်းဒေသ ပုသိမ်-မုံရွာကားလမ်းမကြီး ရဲ့ဘေးဝဲ/ယာကျေးရွာများ၊ ဆိပ်ဖြူမြို့မှ မိုင်(၃၀) အကွာရှိ ကျေးရွာအုပ်စု(၁၁)အုပ်စု၊ ကျေးရွာပေါင်း(၃၈)ရွာ၊ လေကြောင်းရန်ကာကွယ်ရေးတပ် (ညောင်နီချောင်း)၊ ကပစ(၂၁) ငှက်ပြာကြီးနယ်မြေများတွင် တယ်လီဖုန်းလိုင်းများ မရရှိသေးပါသဖြင့် ဒေသခံပြည်သူ ဦးရေ (၂၂၇၀၀)ကျော်နေထိုင်သော ဆိပ်ဖြူမြို့ရဲ့ အနောက်ဘက်ခြမ်းဒေသများမှာ ဆက်သွယ်ရေးများ ခက်ခဲလျက် ရှိပါတယ်။

ယခုလက်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ချထားပေးနေတဲ့ တန်ဖိုးနည်းဆင်းကဒ်များ (၁၅၀၀)ကျပ်တန် ဆင်းကဒ်များကိုလည်း ၎င်းဒေသရှိကျေးရွာများဖြစ်သော သက်ကယ်ကျင်းကျေးရွာ အုပ်စု၊ ကျွန်းချောင်းကျေးရွာအုပ်စု၊ ကန်စွန်းမကျေးရွာအုပ်စု၊ ရှလကျေးရွာအုပ်စု၊ ကော်တွန်ကျေးရွာ အုပ်စု၊ ငှက်ကွင်းကျေးရွာအုပ်စု၊ ရှောက်ပင်အင်းကျေးရွာအုပ်စု၊ ငှက်ပြာကျင်းကျေးရွာများမှာ ဆက်သွယ်ရေး ဧရိယာပြင်ပအဖြစ် သတ်မှတ်ပြီး ချထားပေးခြင်းမရှိသေးပါ။ ညောင်နီချောင်းကျေးရွာ အုပ်စု၊ ကျောင်းကျေးရွာ၊ ကျေးရွာအုပ်စုများမှာ ဆင်းကဒ်များ ခွဲတမ်းချရောင်းချပေးခဲ့သော်လည်း တယ်လီဖုန်း လိုင်းဆက်သွယ် မှု အဆင်ပြေမှုမရှိကြပါ။

သို့ဖြစ်ပါ၍ ဆိပ်ဖြူမြို့ ရဲ့အနောက်ဘက်ခြမ်းဒေသများတွင် တယ်လီဖုန်းဆက်သွယ်ရေး တာဝါတိုင်များ တိုးမြှင့်တပ်ဆင်ပေးပါက ဒေသခံပြည်သူများ ဆက်သွယ်မှုအဆင်ပြေပြီး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူနေမှုဘဝ မြင့်မားတိုးတက်လာမည်ဖြစ်ပါသဖြင့်အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းလိုသည်မှာ မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၏ အနောက်ဘက်ခြမ်းဒေသ များတွင် တယ်လီဖုန်းဆက်သွယ်ရေး အဆင်ပြေစေရန်အတွက် ဆက်သွယ်ရေးတာဝါတိုင်များ တိုးမြှင့် တပ်ဆင် ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလို ပါသဖြင့် ဒေသခံပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၈။**

**ဦးသောင်းတင်(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီး ဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၉) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဦး ရဲ့ ဆိပ်ဖြူမြို့နယ် အနောက်ခြမ်းဒေသများတွင် တယ်လီဖုန်း ဆက်သွယ်ရေး တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန် တွင် ဆောင်ရွက်ပေးနိုင်မည်နည်းဆိုတဲ့ မေးခွန်းကို ကျွန်တော် ဦးသောင်းတင်၊ ဒုတိယဝန်ကြီး ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ ရှင်းလင်းဖြေကြားသွားပါမယ် ခင်ဗျား။

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်မှာ တယ်လီဖုန်းဆက်သွယ်မှု ကောင်းမွန် စေရန်အတွက် ကန်စွန်းမ၊ ငှက်ပြာကြီးနဲ့ မြေကြမ်းတောကျေးရွာတို့မှာ ဆက်သွယ်ရေးတာဝါတိုင်များနဲ့ GSM ရေဒီယိုစခန်း(၃)ခုကို တပ်ဆင်တည်ဆောက်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက် ရှိပါတယ် ခင်ဗျား။ ဆောင်ရွက်ပေးနိုင်မယ့်အချိန်ကတော့ ကျွန်တော်တို့ ရန်ပုံငွေခွင့်ပြုချက် ရရှိပြီးဖြစ်တဲ့ အတွက်ကြောင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပြီးစီးအောင် တည်ဆောက်တပ်ဆင်ပေးသွား မည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က) အရ ရုပ်မြင်သံကြားနှင့် အသံ ထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၂။**

**ဦးပိုက်ထွေး၊ (ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးပိုက်ထွေး ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ရုပ်မြင်သံကြားနဲ့ အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ် ဖိတ်ခေါ် ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီးမှ တင်သွင်းလာသော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားပေးရန်အဆိုကို ကျွန်တော် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင် က ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကြမ်းကို လက်ခံဆွေးနွေးစဉ်းစားရန် သင့် ၊ မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ။** ။ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့် ၊ မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

လွှတ်တော်ကသဘောတူတဲ့အတွက် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြ လက်မှတ်ရေးထိုးပြီး ၁၂-၃-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်း နိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော တရားမကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော တရားမကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့အတိုင်း တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက် -

တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၅ ခုနှစ်၊ လ ရက်

၂၀၁၄ ခုနှစ်၊ လ ရက်

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ခေါင်းစဉ်ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၂

၂။ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (၄) ကို အောက်ပါအတိုင်း အစားထိုးရမည် -

A(4) " **district** " means the local limits of the jurisdiction of a principal Court of original civil jurisdiction ( hereinafter called a " **District Court** " ), and includes the local limits of ordinary original civil jurisdiction of a High Court of the Region or a High Court of the State, or a Court of the Self-administered Division or a Court of the Self-administered Zone; ဟု ပြင်ဆင်ထား ပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အပိုဒ် ၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ၏ ပြင်ဆင်ချက် အပိုဒ် ၃ (က) (ခ) (ဂ) -

၃။ တရားမကျင့်ထုံးဥပဒေတွင်-

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ(၄) နောက်တွင် ပုဒ်မ ၂၊ ပုဒ်မခွဲ(၄-က) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်။

(4 A) Civil Court means a Court of civil jurisdiction;

(ခ) ပုဒ်မ ၂၊ ပုဒ်မခွဲ(၇) ၌ ပါရှိသော President of the Union ဆိုသည့် စကားရပ်ကို Attorney General of the Union ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်၊

(ဂ) ပုဒ်မ ၂၉ နှင့် ပုဒ်မ ၅၅၊ ပုဒ်မခွဲ (၁)တွင်ပါရှိသော President of the Union ဆိုသည့် စကားရပ်ကို Chief Justice of the Unionဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃ (က) (ခ) (ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ (က) (ခ) (ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ၏ ပြင်ဆင်ချက် အပိုဒ် ၄ (က) (ခ) (ဂ) -

၄။ တရားမကျင့်ထုံးဥပဒေတွင်

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ(၁၅)ကို အောက်ပါအတိုင်း အစားထိုးရမည်-

(15) Pleader means any person entitled to appear and plead for another in Court, and includes an advocate of the Supreme Court of the Union;

(ခ) ပုဒ်မ ၁၀၃၊ ပုဒ်မ ၁၀၉၊ ပုဒ်မခွဲ (က) နှင့်(ခ)၊ နဝမပိုင်း ခေါင်းစဉ်၊ ပုဒ်မ ၁၁၇၊ ပုဒ်မ ၁၁၈ နှင့် ပုဒ်မ ၁၂၀ တို့တွင် ပါရှိသော the High Court ဆိုသည့် စကားရပ်ကို a High Court of the Region or a High Court of the State ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်၊

(ဂ) ပုဒ်မ ၁၁၁ တွင်ပါရှိသော the High Court ဆိုသည့် စကားရပ်နှင့် a Division Court ဆိုသည့် စကားရပ်တို့ကို a High Court of the Region or a High Court of the State ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်၊

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄ (က) (ခ) (ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄ (က) (ခ) (ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ၏ ပြင်ဆင်ချက် အပိုဒ် ၅ -

၅။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(၁၇)၊ ပုဒ်မခွဲ ငယ်(ခ)နှင့် (ဂ)တို့ကို အောက်ပါ အတိုင်း အစားထိုးရမည် -

(b) every gazetted officer and the superior officer of Civil Services;

(c) every commissioned or gazetted officer of Defence Services; ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ၏ ပြင်ဆင်ချက် အပိုဒ် ၆ (က) (ခ) -

၆။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၃ တွင်ပါရှိသော-

(က) the High Court" ဆိုသည့်စကားရပ်ကို a High Court of the Region or a High Court of the State ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

( ခ) and every Court of Small causes ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆ (က) (ခ)  ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆ (က) (ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ၏ ပြင်ဆင်ချက်  အပိုဒ် ၇ (က) (ခ)

၇။ တရားမကျင့်ထုံးဥပဒေတွင်-

(က) ပုဒ်မ ၂၃ တွင်ပါရှိသော the High Court ဆိုသည့် စကားရပ်ကို a High Court of the Region or a High Court of the State ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

(ခ) ပုဒ်မ ၂၃၊ ပုဒ်မခွဲ(၂)၏ နောက်တွင် ပုဒ်မခွဲ(၃)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်။ (3)Where such Courts are different High Courts of the Region or High Courts of the State, the application shall be made to the Supreme Court of the Union.ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၇ (က) (ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇ (က) (ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ၏ ပြင်ဆင်ချက်  အပိုဒ် ၈ -

၈။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၂၄ တွင်ပါရှိသော the High Court ဆိုသည့် စကားရပ်ကို the Supreme Court of the Union ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ the State or Divisional Court ဆိုသည့်စကားရပ်ကို a High Court of the Region or a High Court of the State ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ the District Court ဆိုသည့် စကားရပ်ကို a Court of the Self-administered Division or a Court of the Self-administered Zone or a District Court ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ Courts of Additional and Assistant Judges ဆိုသည့်

စကားရပ်ကို Court of Additional and Deputy Judges ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။ လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၈ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ၏ ပြင်ဆင်ချက် အပိုဒ် ၉ (က) (ခ)

၉။ တရားမကျင့်ထုံးဥပဒေတွင်-

(က) ပုဒ်မ ၃၅-က၊ ပုဒ်မခွဲ(၂)တွင် ပါရှိသော 100,000 Kyats ဆိုသည့် စကားရပ်ကို 1,000,000 Kyats ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၃၅-က၊ ပုဒ်မခွဲ(၂)၏ ခြွင်းချက်တွင် ပါရှိသော the High Court ဆိုသည့် စကားရပ်ကို the Supreme Court of the Union ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ရမည်။

(ခ) ပုဒ်မ ၆၀၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ဇ) နှင့် (ဈ)တို့တွင် ပါရှိသော ten thousand Kyats ဆိုသည့် စကားရပ်ကို 30,000 Kyats ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစား ထိုး ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။ လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၉ (က) (ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉ (က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ၏ ပြင်ဆင်ချက် အပိုဒ် ၁၀ (က) (ခ) (ဂ)

၁၀။ တရားမကျင့်ထုံးဥပဒေတွင်-

(က) ပုဒ်မ ၈၀၊ ပုဒ်မခွဲ(က) နှင့် ပုဒ်မ ၈၃၊ ပုဒ်မခွဲ(၂) ရှင်းလင်းချက် တို့တွင်ပါရှိသော a Secretary to the Government ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ ပုဒ်မ ၈၆၊ ပုဒ်မခွဲ(၁) တွင်ပါရှိသော a Director General of the Office of the Government ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ the Secretary to the Union Government ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်၊

(ခ) ပုဒ်မ ၉၃ ကို ပယ်ဖျက်ရမည်။

(ဂ) ပုဒ်မ ၉၅၊ ပုဒ်မခွဲ (၁)တွင် ပါရှိသော one hundred thousand Kyats ဆိုသည့် စကားရပ်ကို 500,000 Kyats ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၀ (က) (ခ) (ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၀ (က) (ခ) (ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ၏ ပြင်ဆင်ချက် အပိုဒ် ၁၁

၁၁။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၀ တွင်ပါရှိသော 2,000,000 Kyats ဆိုသည့် စကားရပ်ကို 1,000,000 Kyats ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ the State or Divisional Court ဆိုသည့် စကားရပ်ကို a High Court of the Region or a High Court of the State ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။ လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ၏ ပြင်ဆင်ချက် အပိုဒ် ၁၂ (က) (ခ) -

၁၂။ တရားမကျင့်ထုံးဥပဒေတွင်

(က) ပုဒ်မ ၁၀၂ တွင်ပါရှိသော 2,000,000 Kyats ဆိုသည့် စကားရပ်ကို 1,000,000 Kyats ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်၊

(ခ) ပုဒ်မ ၁၁၄ ပုဒ်မခွဲ (ဂ) ကို ပယ်ဖျက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။ လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၂ (က) (ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၂ (က) (ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ၏ ပြင်ဆင်ချက် အပိုဒ်၁၃ -

၁၃။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၆ တွင်ပါရှိသော the District Court or the State or Divisional Court ဆိုသည့်စကားရပ်ကို a Court of the Self-administered Division or a Court of the Self-administered Zone or a District Court, or a High Court of the Region or a High Court of the State ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင် ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ၏ ပြင်ဆင်ချက် အပိုဒ်၁၄ -

၁၄။ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၁၀ တွင်ပါရှိသော ten thousand Kyats ဆိုသည့် စကားရပ်ကို 10,000,000 Kyats ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

လွှတ်တော်က သဘောတူတဲ့အတွက် အပိုဒ် ၁၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ်၁၅

၁၅။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၃၊ ပုဒ်မ ၁၁၉၊ ပုဒ်မ ၁၂၂၊ ပုဒ်မ ၁၂၄၊ ပုဒ်မ ၁၂၉ နှင့် ပုဒ်မ ၁၃၃၊ ပုဒ်မခွဲ (၂) တို့တွင် ပါရှိသော the High Court ဆိုသည့် စကားရပ်ကို the Supreme Court of the Union ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ၏ ပြင်ဆင်ချက် အပိုဒ်၁၆ (က) (ခ)

၁၆။ တရားမကျင့်ထုံးဥပဒေတွင်

(က) ပုဒ်မ ၁၁၅ ၌ပါရှိသော the High Court or the State or Divisional Court or the District Court ဆိုသည့်စကားရပ်ကို the Supreme Court of the Union, or a High Court of the Region or a High Court of the State, or a Court of the Self-administered Division or a Court of the Self-administered Zone, or a District Court ဆိုသည့် စကားရပ် ဖြင့် အစားထိုးရမည်။

( ခ) ပုဒ်မ ၁၁၅ ၏ ပထမခြွင်းချက်နှင့် ဒုတိယခြွင်းချက်တို့ကို ပယ်ဖျက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၆ (က) (ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၆ (က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ၏ ပြင်ဆင်ချက်အပိုဒ်၁၇ (က) (ခ) (ဂ) (ဃ) (င)

၁၇။ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၂၃ တွင် -

(က) ပုဒ်မခွဲ(၁)၌ ပါရှိသော at Yangon ဆိုသည့် စကားရပ်ကို at Nay Pyi Taw ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ခ) ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ် (က)၊ (ခ)နှင့် (ဂ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည် (a) three Judges of the Supreme Court of the Union, (b) two Judges of the High Court of the Region or the High Court of the State, and (c) two advocates who have practised as advocates for at least 10 years.

( ဂ) ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ဃ) ကို ပယ်ဖျက်ရမည်၊

(ဃ) ပုဒ်မခွဲ (၃)၏ ခြွင်းချက်၌ ပါရှိသော other Judges ဆိုသည့် စကားရပ်နောက်တွင် of the Supreme Court of the Union ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်၊

( င) ပုဒ်မခွဲ(၃)၊ ပုဒ်မခွဲ(၄)နှင့် ပုဒ်မခွဲ(၅)တို့တွင် ပါရှိသော Chief Justice ဆိုသည့် စကားရပ်၏ နောက်တွင် of the Union ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၇ (က) (ခ) (ဂ) (ဃ) (င) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၇ (က) (ခ) (ဂ) (ဃ) (င) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ၏ ပြင်ဆင်ချက် အပိုဒ်၁၈ -

၁၈။ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၂၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

126. After issuing the rules made under the foregoing provisions, the Supreme Court of the Union:

(a) Shall distribute and submit such rules to the respective representatives of the *Pyithu Hluttaw* and *Amyotha Hluttaw* at the nearest regular session to enable to be discussed whether such rules are in conformity with the provisions of relevant Law or not, and to be resolved in accordance with the provisions contained in sections 137 and 157 of the Constitution of the Republic of the Union of Myanmar;

(b) if it is found that such rules are not in conformity with the provisions of relevant Law, and it is resolved to annul or amend such rules by both *Pyithu Hluttaw* and *Amyotha Hluttaw*,or in case, there is disagreement between them, it shall be submitted to the *Pyidaungsu Hluttaw*, and it shall make it in accordance with the resolution adopted by the *Pyidaungsu Hluttaw*.ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၈ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ၏ ပြင်ဆင်ချက် အပိုဒ်၁၉

၁၉။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၃၆ တွင်ပါရှိသော the District Court ဆိုသည့် စကားရပ်နှင့် Yangon City Civil Court ဆိုသည့် စကားရပ်တို့ကို a Court of the Self-administered Division or a Court of the Self-administered Zone, or a District Court ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ as if were the District Court ဆိုသည့် စကားရပ်ကို according to the procedure provided in the foregoing provisions of sub-sections (2) and (3) ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။ လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၉ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ၏ ပြင်ဆင်ချက် အပိုဒ်၂၀ -

၂၀။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၃၇ ကို အောက်ပါအတိုင်း အစားထိုးရမည်

137.(1) The Language of the Supreme Court of the Union and any Court subordinate to the Supreme Court of the Union shall be Myanmar language.

(2) The application to and proceeding in such Courts shall be written in Myanmar language. ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။ လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၀ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ၏ ပြင်ဆင်ချက် အပိုဒ် ၂၁

၂၁။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၃၉၊ ပုဒ်မခွဲ(ခ)တွင် ပါရှိသော the High Court ဆိုသည့် စကားရပ်ကို the Supreme Court of the Union, a High Court of the Region or a High Court of the State ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။ လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၂း၃၀။**

**ဥက္ကဋ္ဌ**။ ။ အင်္ဂလိပ်ဘာသာနဲ့ တည်ရှိနေတဲ့ ဥပဒေတွေကို လွတ်လပ်ရေးရပြီး နောက်ပိုင်းကတည်းက ဘာသာပြန်ဖို့ ကြိုးစားခဲ့တယ်လို့ ကြားဖူးပါတယ်။ ဒါတွေ ဘာသာပြန်တဲ့ သမိုင်းကြောင်း လက်ရှိဖြစ်နေတဲ့ကိစ္စနဲ့ လက်ရှိဘာသာပြန်ဖို့ တာဝန်ရှိတဲ့ကိစ္စနဲ့ ပတ်သက်လို့ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနဲ့ ဥပဒေရေးရာကော်မရှင်က ဦးစိန်လှ တို့နဲ့ ဦးမြညိမ်းတို့ ပူးပေါင်းပြီးတော့ စာတမ်းတစ်စောင် ပြုစုပါ။ ဒါတွေက အခွန်နဲ့ပတ်သက်တဲ့ ဥပဒေတွေတုန်းကလည်း သတိထားမိပါတယ်။ အများပြည်သူနားလည်ဖို့အတွက် လွတ်လပ်ရေး ရပြီးတာလည်း ကြာပါပြီ။ မြန်မာဘာသာကို ရုံးသုံးဘာသာစကားအဖြစ် တရားဝင်သတ်မှတ်ထားတာလည်း ကြာပါပြီ။ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာလည်း ဒီအတိုင်းပြဋ္ဌာန်းထားပါတယ်။ ဒါပေမဲ့ ဒီဥပဒေတွေ ဘာကြောင့် ဘာသာပြန်ဖို့အတွက် လက်နှေးနေတာလဲပေါ့နော်။ အဲဒီတော့ ဒါတွေပြန်ပြီးသားဖြစ်အောင် ဘယ်လိုဆောင်ရွက်ရမလဲဆိုတဲ့ နည်းလမ်းတွေပါ ဖော်ထုတ်ပြီးတော့၊ စာတမ်းပြုစုပြီးတော့ လွှတ်တော်ကို တင်သွင်းပေးပါ။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အစည်းအဝေး (၂၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၃)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၃၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး (၂၃)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ အစည်းအဝေးကို နံနက် ၁၂း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]